# နေရပ်ပြန်ပို့ခြင်းနှင့် ရိုဟင်ဂျာများ၏ တောင်းဆိုချက်များ

## ၁) တိုင်းရင်းသား အဆင့်အတန်း

ရိုဟင်ဂျာလူမျိုးတို့သည် အာရ်ကာန် (ယခုခေါ် ရခိုင်) ပြည် ဌာနေဇာတိလူမျိုး ဖြစ်သည့်အလျောက် ၄င်းတို့၏ ရုတ်သိမ်းခြင်း ခံခဲ့ရသော တိုင်းရင်းသားဖြစ်မှု အဆင့်အတန်းကို နိုင်ငံတကာ အာမခံချက်နှင့် အတူ ပါလီမန်အက်ဥပဒေ ကနေတဆင့် အတည်ပြု၊ ပြန်လည်အသိအမှတ်ပြု ပေးရမည်။

## ၂) နိုင်ငံသားဖြစ်မှု

ပထမဦးစွာ အာရ်ကာန်ပြည်နယ်ထဲတွင် ကျန်ရစ်နေထိုင်နေကြသော ရိုဟင်ဂျာများကို နိုင်ငံသားကဒ်များ ထုတ်ပေးရမည်။

ဒုတိယအဆင့် အနေနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် နေထိုင်နေကြသော ရိုဟင်ဂျာများကို တိုင်းရင်းသားဖြစ်မှု အဆင့်အတန်းနှင့်အတူ နိုင်ငံသားကဒ်များကို ၎င်းဒုက္ခသည်စခန်းများတွင်သာ ထုတ်ပေးပြီးမှ ဌာနေ၊ နေရပ်သို့ ပြန်ပို့ရမည်။

တတိယအဆင့် အနေနဲ့ ကမ္ဘာ့အရပ်ရပ်သို့ ပြန့်ကျဲထွက်ခွါသွားကာ အခြေချနေထိုင်နေကြသော ရိုဟင်ဂျာများကို မြန်မာနိုင်ငံ ဌာနေတိုင်းရင်းသား နိုင်ငံသားများအဖြစ် ပြန်လည်အသိအမှတ်ပြုပြီး သူတို့၏ စိတ်ဆန္ဒအလျောက် ဇာတိနေရပ် အာရ်ကာန်ပြည်နယ်သို့ ပြန်ခွင့်ပေးရမည်။

## ၃) နေရပ်ပြန်ပို့မှု

ရိုဟင်ဂျာများကို သိမ်းယူခြင်းခံရသော လယ်မြေများကိုပြန်ပေးပြီး ဆုံးရှုံးခဲ့ရသော ပစ္စည်းဥစ္စာ များအတွက် လုံလောက်သော လျော်ကြေးများပေးကာ သူတို့၏ မူလဘိုးဘွားပိုင် ကျေးရွာများသို့ ပြန်ခွင့်ပေးရမည်။

## ၄) အသက်လုံခြုံမှု

အာရ်ကာန်ပြည်နယ်တွင် ရိုဟင်ဂျာတို့၏ အသက်လုံခြုံမှုနှင့် ပစ္စည်းဥစ္စာများကို ကာကွယ်ရန်အတွက် ကုလသမဂ္ဂ ငြိမ်းချမ်းရေး တပ်ဖွဲ့ဝင်များနှင့် အတူ ရိုဟင်ဂျာ ရဲတပ်ဖွဲ့ တစ်ရပ် ဖွဲ့စည်းပြီး တပ်ဖြန့်ထားရမည်။

## ၅) အပြစ်မကင်းမှုနှင့် တာဝန်ခံစေမှု

ပြစ်မှုကျူးလွန်သူများကို မည်သည့် တရားမျှတမှုမှ မရှိသော မြန်မာပြည်တွင်း တရားရုံးများတွင် မဟုတ်ဘဲ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ တရားရုံး (ICC) ကဲ့သို့ နိုင်ငံတကာခုံရုံး တင်ပြီး ရာဇဝတ်မှု ကျူးလွန်မှုများ အတွက် အပြစ်ပေးရမည်။